# အမှာစာ

နိုင်ငံရပ်ခြားတွင် နေထိုင်အလုပ်လုပ်ကိုင်ရသည်က တစ်ခါတစ်ရံတွင် အင်မတန် ပျော်စရာကောင်းသည်။ ပင်ပန်းစွာ ရှာဖွေပြီးမှ ရလာသော လစာလေးများကို မြင်ရသောအခါနှင့် ခေတ်မီသော လူ့အဖွဲ့အစည်းများနှင့် ထိတွေ့ရသည့်အခါ အင်မတန် ပျော်ရသည်။

မတူသော ဓလေ့များနှင့် မတူသော ရှင်သန်ရာများ၊ ခြားနားသော အတွေးအမြင်များကြောင့် တစ်ခါတစ်ရံတွင် ရေသေအိုင်တွင်းမှ သစ်ရွက်ခြောက်ကလေးကဲ့သို့ စိုနေလျက်က ခြောက်သွေ့ရပြန်၏။ ရဲဖမ်းမိသောအခါ၊ မောက်မာသော အိမ်ရှင်နိုင်ငံသားများနှင့် ကြုံဆုံရသည့်အခါ ဟာတာတာဖြင့် စိတ်တို့သည် ချောက်ချောက်ချားချား အကြောက်တရားများဖြင့် ပူလောင်ရပြန်သည်။

တစ်ခါတစ်ခါဆိုလျှင် homesick သည် နှလုံးသားကို ဓားတုံးတုံးဖြင့် ထိုးသကဲ့သို့ ပြင်းထန်စွာ နှိပ်စက်ပြန်၏။ ထိုခံစားချက်များရှိသော်လည်း ထိုနာကျင်မှုများ တွေ့သော်လည်း ကိုယ့်ဆန္ဒများကို အလုံးစုံ ဖော်ပြခွင့်၊ ဖော်ပြခွင့်မရှိ။ မတူညီသော အရပ်တပါးတွင် လာရောက်မိုတင်းနေသော ထီးကလေးတို့တွင် ခံစားချက်ရှိသည်ဟု မည်သည့်အိမ်ကြီးရှင်ကမျှ အသိအမှတ်မရှိ။

ယဉ်ကျေးလှချည့်၊ ပညာတတ်လှချည့်၊ လူ့အခွင့်အရေးတို့ကို လေးစား



တန်ဖိုးထားလှချည့်ဆိုသော နိုင်ငံကြီးသားအရို့များများသည် စုဗွေစမ့် အခြေမလှသော ထီးကလေးများကို ဖက်လှဲတကင်းမရှိလှကြ။ အလုပ်ရှင်၊ အလုပ်သမားဆိုသော စည်းကို အထပ်ထပ်တင်းကျပ်၍ အမြင့်ကသာ ကြည့်၏။ အဝေးကသာ ဆက်ဆံ၏။

ထို့ကြောင့် မတူညီသော လူ့အသိုင်းအဝိုင်းများ၊ မတူညီသော ဓလေ့စရိုက်များ၊ မတူညီသော ဘာသာစကားများနှင့် မတူညီသော အစားအစာများကြားတွင် ကိုယ်ဖြစ်တည်မှု၊ ကိုယ်ဖြစ်ချင်မှု စိတ်ဆန္ဒတွေကို အလိုက်သိစွာ ခေါက်သိမ်းထားပြီး တွေ့သောသူများနှင့် အဆင်ပြေအောင် ပေါင်းသင်းရ၏။ ပြည်ပနိုင်ငံများတွင် ကြုံရသော လူ့အသိုင်းအဝိုင်းများသည် ရွှေ့ပြောင်းအလုပ်သမားတို့၏ ဘဝများနှင့် စိတ်ဓာတ်များကို ပို၍ မြင့်မားအောင် လုပ်ဆောင်ပေးတတ်သကဲ့သို့ ပို၍နိမ့်ကျအောင်လည်း ဆွဲချသွားတတ်သည်။

တစ်ခါတစ်ရံ စိတ်သဘောမမှန်သော အလုပ်ရှင်နှင့်တွေ့ရပြန်လျှင် ဖြစ်သမျှဒဏ် နှင်ချည်းခံဆိုသလို ကံကိုသာ ရိုးမယ်ဖွဲ့၍ ကိုယ့်စွာကို ကိုယ့်လျှာဖြင့် ယက်လျက် ဝေဒနာတို့ကို အဖြေမရှာပဲ ဖြေသိမ့်နေရ၏။ ဖြောင့်မှန်သော အလုပ်ရှင်နှင့်တွေ့ရပြန်တော့လည်း ထီးတချို့သည် ပြောင်းလွယ်၊ လဲလွယ်သည်။ မိုးထိမာနတို့ဖြင့် ထီးဆိုသော ကိုယ့်ဘဝမှန်ကို မေ့တတ်ကြပြီး ထီးထီးချင်းကိုပင် ဖဲထီး၊ ပိုးထီး၊ ပလတ်စတစ်ထီးဆိုပြီး အချင်းချင်းကို ချနင်းတော့၏။

ဒုက္ခသည် ပြည်တွင်း၊ ပြည်ပ နေရာတိုင်း၌ ရှိ၏။ သုခသည်လည်း ထိုအတိုင်းပင် ရှိ၏။ အကောင်းမြင်တတ်သူသည် ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်လူမှုအသိုင်းအဝိုင်းကိုပင်ရောက်ရောက် စိတ်ချမ်းသာရသည်။ အဆိုးမြင်တတ်သူသည် ဘယ်အရပ်မှာပင်နေနေ ပူလောင်ရပါသည်။ သို့သော် မိခင်နိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်မှုများသည် မြေသန်သန်တွင် စိုက်ပျိုးခဲ့သော်လည်း ပွင့်ဖက်မလှသော နှင်းဆီများလို အဖြစ်ဆိုးနှင့် တိုးရပြန်ပါသည်။

စံသတ်မှတ်ချက်များသည် နေရာဒေသများနှင့် မဆိုင်။ လူ၏ ပင်ကိုယ်စိတ်ဖြင့်သာ ဆိုင်သည်။ ပေါင်မုန့်တပေါင်၏ အလေးချိန်သည် ဘယ်နိုင်ငံမှာမဆို တပေါင်သာဖြစ်ပါသည်။ သို့သော် မြန်မာပြည်အရပ်ရပ်မှ နိုင်ငံရေးမတည်ငြိမ်မှုများ၊ စီးပွားရေးမတည်ငြိမ်မှုများနှင့် အလုပ်အကိုင်ရှားပါးမှုများ၊



ကိုဗစ်ရောဂါပြင်းထန်မှုများကြောင့် ပုံကြွေသွား၊ လွင့်ထွက်သွားကြရသော ပေါင်မုန့်မီးကြွင်းကလေးတို့သည် တပေါင်ထက်များစွာ လျော့၍ နိုင်ငံအလိုက်တွင် ရှင်သန်နေပါသည်။ မည်းလျက်လည်း ရှင်သန်ရသည်။ မွဲလျက်လည်း ရှင်သန်ရသည်။ သည်လိုနှင့် ပေါင်မုန့်တုံးကလေးတို့သည် ရေစိုကာ မွှမ်းအိကုန်ကြသည်။ နေပူကာ မာတောက်ကုန်ကြသည်။ မှိုတက်ကာ date လွန်သွားကြသည်။

ထီးကလေးတို့သည် ရေသေအိုင်တွင် တလည်လည်ဖြစ်နေသော သစ်ရွက်ကလေးတို့ကဲ့သို့ စိုနေသော်လည်း မစိမ်းတော့။ စိမ်းနေသော်လည်း မလှတော့။ လှနေသော်လည်း မငယ်တော့။ ငယ်နေသော်လည်း မတက်ကြွတော့။ ဖွံ့ဖြိုးခြင်းများ၊ ငယ်ရွယ်ခြင်းများနှင့် တက်ကြွခြင်းများအားလုံးကို အရင်းရှင်နိုင်ငံများနှင့် မိမိတို့နိုင်ငံ မတည်ငြိမ်မှုများက စုပ်ယူဝါးမြိုသွားခဲ့၏။

သို့သော် ပျော်ရသည်။ ကျေနပ်သည်။ မိခင်နိုင်ငံတွင် တင်ကျန်နေရစ်သော ချစ်ရသူများကို လုံခြုံမှုပေးနိုင်အောင်၊ ထောက်ပံ့မှုပေးနိုင်အောင် ကြိုးစားကြရင်း ကိုယ်တိုင်ဘဝတွင် မိုးစိုရသည်။ ကိုယ်တိုင်ဘဝတွင် နေပူရသည်ဖြစ်သော်လည်း ထီးကလေးများသည် ကျေနပ်ကြသည်။

အဘယ့်ကြောင့်ဆိုသော ထီးကလေးများသည် ထီးကလေးများအဖြစ်နှင့် လောကတွင် ကျင်လည်နေခြင်းမို့ ရထားသော ထီးကလေးများဘဝကို ရွှင်ပျော်နေခြင်းပင် ဖြစ်ပါတော့သည်။

**မြဝတီ၊ မဲဆောက်၊ ဘန်ကောက်နှင့် ပီနန်၊ ဂျိုဟိုး၊ ဆီလန်ဂေါတခွင်တွင် ပြုပြစင်မှ ရွှေ့ပြောင်းအလုပ်သမားများဘဝဖြင့် အတူတူ ကျင်လည်ခဲ့ကြသော ပုလိုက်အေးလိုက် ဆိုးတူကောင်းမျှ ပေါင်းသင်းခဲ့ကြသော ထီးရောင်စုံကလေးများအားလုံးသို့...**

**ဘိုဘိုသန့်ဇင်**

**10/ May /2022**